


လူငယ်လူရွယ်တို့အတွက်
လေးစားအတုယူဖွယ်
အံ့မခန်းစွန့်စားမှုများ

# တကယ့်သတ္တိ

မောင်ခေတ်ထွန်း

ဒုတိယအကြိမ်

## ဆရာမကြီး နုယဉ်၏ အမှာစာ
## ကလေးငယ်များအဖို့ တကယ့် ဖြစ်ရပ်နှင့် ဒဏ္ဍာရီ

ကမ္ဘာအရပ်ရပ် တိုင်းပြည် အသီးသီးရှိ လူမျိုး အထွေထွေတို့သည် မိမိတို့၏ ရင်သွေးငယ်တို့အား လူမမည် အရွယ်မှစ၍ ကြီးပြင်းလာသော နောင်အခါ၌ လိမ္မာယဉ်ကျေး၍ လူတစ်လုံး သူတစ်လုံး ဖြစ်ကြစေခြင်းငှာ ပြောဆိုတင်ပြ ဆုံးမပြုပြင်လေ့ ရှိကြသည်။

ယဉ်ကျေးမှု အကျိုးဝင်သော ဘာသာရေး၊ လူမှုရေးတို့၌ သက်ဆိုင်ရာ ဓလေ့ထုံးစံအရ သော်လည်းကောင်း၊ သက်ဆိုင်ရာ ဘာသာရေးအရ သော်လည်းကောင်း၊ လက်ရှိ အခြေအနေအရ မျက်မြင် လက်တွေ့ ကျင့်သုံးလျက် လောကတွင် အဆင်ပြေ ချမ်းမြေ့စွာ နေထိုင်တတ်ကြစေရန် အလို့ငှာ လူကြီး မိဘ ဆရာ စသော ရှေ့ဆောင်လမ်းပြ ဖြစ်သူတို့က မျက်ခြည်မပြတ် ညွှန်ပြ သွန်သင်လေ့ ရှိကြသည်။ ယဉ်ကျေးမှု အခြေခံအင်အား ကြံ့ခိုင်သော လူမျိုးတို့မှာ ဘာသာရေးနှင့် လူမျိုး၊ ဓလေ့ထုံးစံတို့ကို အခြေခံထား၍ ၎င်းမှ ဆက်နွှယ် ဆင်းသက်လာသော အကြောင်းအရာတို့ဖြင့် မိမိတို့ သားငယ်၊ သမီးငယ်တို့အား သွန်သင်ပြုပြင်ကြသည်။

မဝေးသော အတိတ်ကာလကို ပြန်၍ကြည့်လျှင် မပျက်ပြယ်နိုင်သော အဖြစ်သဘောကို မြင်တွေ့နိုင်ပေသည်။ မြန်မာနိုင်ငံမှာ တိုင်းတစ်ပါး လူမျိုးတို့ အုပ်စိုး၍ အောက်တန်းကျနေရသော ကျွန်ဘဝ၊ ကျွန်နိုင်ငံ

အဖြစ် ရုပ်တည် ခံစားနေကြရသော နှစ်ပေါင်းခြောက်ဆယ်ခန့် အချိန် အခြေအနေ ဖြစ်ရပ်ကို စိတ်မျက်စိဖြင့် ပြန်လည် ခံစားရှုကြည့်မိပေ သည်။

ကျွန်မတို့သည် ကျွန်နိုင်ငံ၊ ကျွန်ဘဝမှနေ၍ ရုန်းကန်စပြုနေကြရသ ည့် အခိုက်အခါ ယဉ်ကျေးမှု အခြေခံ အင်အားရှိနေသော ရှေ့ဆောင် လမ်းပြ ဆရာမိဘဖြစ်သူတို့က နောင်ကာလ၌ မိမိတို့ သားသမီးများတွင် ကျွန်စိတ်မတည်စေရေး၊ ကျွန်ဘဝမှ လွတ်မြောက်စေရေးတို့ကို ရှေးရှု ကာ ကလေးငယ်တို့အား ပုံပြင်ဒဏ္ဍာရီတို့ဖြင့် သော်လည်းကောင်း၊ ငါး ရာ့ငါးဆယ်နှင့် ဇာတ်တော်ကြီး ဆယ်ဘွဲ့တို့ဖြင့် လည်းကောင်း၊ ဇာတ် နိပါတ် အခြေခံသော ရုပ်ကြီးစင် သဘင်တို့ဖြင့် လည်းကောင်း၊ တူရိယာ ဂီတတို့ဖြင့် လည်းကောင်း၊ ဆွဲဆောင်မှု အထွေထွေဖြင့် ကလေးနှင့် လူငယ်တို့အား အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှု အခြေခံ ရင့် သန်လာကြစေရန် အလို့ငှာ ပြုပြင် ညွှန်ပြပေးခဲ့ပေသည်။

အရပ်ထဲ၌ လည်းကောင်း၊ ဈေးထဲ၌ လည်းကောင်း၊ ညက ပွဲကြည့်ခဲ့ ရသော ရုပ်ကြီးစင်မှ နိပါတ်တော်လာ ဇာတ်စကားတို့ကို မြိန်ရေရှက်ရေ ပြောနေကြသော မနက်ပိုင်းအချိန်တွင် ကျွန်မတို့သည် ကျောင်း လွယ်အိတ်ကလေး ကိုယ်စီလွယ်လျက် မြို့ထဲရှိ အမျိုးသား ကျောင်းသို့ စာသင်ရန် သွားကြရပေပြီ။

ကျောင်းမှာ မူလတန်း၌ ဘာသာရေး အခြေခံ မင်္ဂလသုတ်ကို စတင် သင်ကြားပို့ချလျက် ရှိသည်။ မူလတန်းကလေးအရွယ်ဘဝက မင်္ဂလ သုတ်ကို ပါဠိရောအနက်ပါ ဆရာသင်ပြခဲ့သဖြင့် နောကျေခဲ့ပြီ။ အလယ်တန်းမှာ ရာဇဝင်ကဏ္ဍ၌ အမျိုးသား ပညာဝန် ဦးဖိုးကျား၏ 'မြ န်မာ့ဂုဏ်ရည်' ရာဇဝင်ကို သင်ကြားရသည်။ အလယ်တန်းကျောင်းသား

ဘဝ ပတ်ဝန်းကျင် အသိနည်းပါးလှသော အရွယ်ဖြစ်၍ 'မြန်မာ့ဂုဏ်ရည်' ရာဇဝင်ကို သင်ရသောအခါ အခြားသော အာရုံမရှိသဖြင့်လည်းကောင်း၊ မြန်မာတို့၏ ဇာတိမာန်ကို ဖတ်ရှု နားလည်လွယ်အောင် အရေးအသား ဆွဲဆောင်မှု ကောင်းခြင်းတို့ကြောင့် လည်းကောင်း၊ ယနေ့တိုင်း မမေ့နိုင် ရှိနေရပေသည်။ ပုဂံပြည်မှ ကျန်စစ်သားနှင့် လူစွမ်းကောင်း လေးယောက်အကြောင်း၊ မိန်းမအစွမ်းကောင်း မယ်ဘယက်ကြီး အကြောင်းတို့မှာ သတ္တိနှင့် ဗျတ္တိကို ဦးစားပေးထားသော အရေးအသား အလှထဲမှာ စာသင်စအရွယ် ကလေးငယ်တို့သည် ဆရာက ရှင်းပြစရာ မလိုတော့ဘဲ စာထဲမှာ ခေါင်းစိုက်ကာ မသိစိတ်ကလေးများဖြင့် ရင်ထဲမှာ သတ္တိမွေးစ ပြုခဲ့ရသည်ကို ယနေ့အခါ၌ ပြန်လည်တွေးတော ဆင်ခြင်မိလေသည်။ မြန်မာဂုဏ်ရည်စာအုပ်ထဲမှာ ပါရှိသော အမတ်ကြီး 'ရာဇသင်္ကြန်'၏ ညည်းတွားပုံ၌ လမ်းခရီးမှာ လေပြင်းတိုက်ခတ်ရာ သစ်ပင်ကြီးများ ကျိုးကျ ပျက်စီးသွားလျက် သစ်ပင်ပျိုးပင်များမှာမူ လေထဲမှာ ယိမ်းနွဲ့ကာ မပျက်မစီးဘဲ ရှိနေသည်ကို မြင်ရသဖြင့် အမတ်ကြီးက 'သြော်...ငါဟာ သစ်ပင်ကြီးတွေလို ကျင့်ခဲ့လို့ ခုလို ဒုက္ခတွေ့ရတယ်။ ပင်ပျိုကလေးတွေလို ကျင့်ခဲ့ရင် ကောင်းမှာပဲ'ဟု ပြောသည်ကို ယနေ့တိုင် မမေ့နိုင်အောင် ဆင်ခြင်တုံတရား စွဲဝင်ခဲ့ရသည်။

တကယ့်အဖြစ်နှင့် တကယ့်အပျက်များရှိသည့် ရာဇဝင်ကို ဘာတစ်ခုမှ အသိဉာဏ်မပွင့်သေးသော ကလေးအရွယ်တို့အား ဉာဏ်မျက်စိပွင့်လင်းအောင် ရေးနိုင်စွမ်းသော အမျိုးသားပညာဝန် ဦးဖိုးကျား၏ အနုပညာ လက်ရာအလှကြောင့် ယနေ့ လူရွယ် လူလတ်အပေါင်း၏ အမိ၊ အဖ၊ အဘိုး၊ အဘွားတို့၏ မျိုးချစ်စိတ်ထက်သန်ကာ သားကောင်း၊ သမီးကောင်းများ မွေးထုတ်ပေးခဲ့နိုင်ပုံကို ရာဇဝင်ရေးခဲ့သူ ဦးဖိုးကျား

အား မြင်စေချင်စမ်းပါဘိဟု တွေးတော ခံစားနေမိပေသည်။

ဤသို့လျှင် အခြား အခြားသော အနုပညာလက်ရာစွမ်းများနှင့် မတူသော စာပေအနုပညာ လက်ရာကောင်းများသည် ကလေးလူငယ်တို့၏ နုနယ်သော အသည်းနှလုံးကို ယူကျုံးစွဲမက်စေကာ နိုင်ငံနှင့်လူမျိုးအတွက် ကောင်းကျိုးဖြစ်စေသည်မှာ ထင်ရှားနေပေသည်။

ယခု မျက်မှောက်ခေတ်တွင် ခေတ်မီသော အတွေးနှင့် စေတနာများဖြင့် ကလေးလူငယ်များအဖို့ ကောင်းနိုးရာရာ ဒဏ္ဍာရီများ၊ တကယ့်ဖြစ်ရပ်များကို ရေးသားပြုစုလျက် ရှိနေကြသည်ကို မြင်တွေ့ရသောအခါ လာမည့် အချိန်ကာလများတွင် လောကကို အလှတန်ဆာဆင်ကြမည့် အမျိုးသား၊ အမျိုးသမီးများ မြင်ရတော့မည်မှာ မလွဲသာပင်။

ဒဏ္ဍာရီကို တကယ့်ဖြစ်ရပ်ပမာရေးသားနိုင်သော အနုပညာစွမ်း၊ တကယ့်ဖြစ်ရပ်ကို ဒဏ္ဍာရီပမာ ဆွဲဆောင်မှု အပြည့်ပါအောင် ရေးသားနိုင်သော အနုပညာလက်ရာစွမ်းတို့သည်ကား လောကနှင့် လူသားတို့အဖို့ ကောင်းကျိုး၊ ကောင်းမှုပြုနေသည်မှာ မြတ်နိုးဖွယ်ရာပင်။

'တကယ့်သတ္တိ' စာအုပ်ငယ်တွင်ပါရှိသော တကယ့်ဖြစ်ရပ်များမှာ ဒဏ္ဍာရီပုံပြင်သဖွယ် ကလေးလူငယ်တို့အား စာပေဖြင့် ဆွဲဆောင်မှုပြုကာ ကောင်းကျိုးရစေမည်သာ ဖြစ်ပေသည်။ ။

နုယဉ်

၃၀-၁၀-၉၀

*

အမျိုးသား စာပေဆုရ
စာရေးဆရာကြီးမောင်ဆုရှင် အမှာစာ
အစွမ်းသတ္တိ ထင်ရှားစေဖို့

ဤစာအုပ်သည် 'လူများနှင့် မတူသူများ' အကြောင်းကို ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် တက်သစ်စ လူငယ်လူရွယ်များကို စာရေးသူက ရည်စူးကြောင်းတွေ့ရသည်။ ထိုအရွယ်တို့အတွက် ဤစာမျိုးလိုအပ်သည်ဟု ထင်ပါသည်။

စာအုပ်၏ အမည်ကို 'တကယ့်သတ္တိ' ဟူ၍ ပေးထားသောကြောင့် ဤစာအုပ်ပါ အတ္ထုပ္ပတ္တိများ၊ သတ္တိနှင့် ဆက်နွယ်ပုံကို ဆင်ခြင်ကြည့်စရာ ဖြစ်ပါသည်။

မြန်မာတို့နှင့် နှုတ်တွေ့သော သုံးရိုးစွဲရိုး၌ ပါဠိသက် ဝေါဟာရများဖြစ်သော သတ္တိနှင့် ဇွတ္တိတို့သည် ယှဉ်တွဲ၍ တွေ့ရတတ်သည်။ ဤတွင် 'သတ္တိ' သည် 'အစွမ်း၊ ရဲစွမ်း၊ စွမ်းရည်' ဟူသော အနက်ထွက်၍ 'ဇွတ္တိ' သည် 'အစွမ်းသတ္တိ ထင်ပေါ်လာခြင်း' ဟူသော အနက်ထွက်ပါသည်။ သတ္တိဇွတ္တိရှိသော သူတို့သည် အစွမ်းပြ၍ လုပ်ရဲကိုင်ရဲသော အရည်အချင်း ရှိသူများဖြစ်ကြသည်။

ထိုသို့ အစွမ်းပြပြီး လုပ်ရဲကိုင်ရဲရှိရာ၌ မှန်ကန်သောနည်းဖြင့် ပြုလုပ်တတ်ရန် လိုသည်။ ပြုလုပ်တတ်သော သာဓကတို့သည် ဤစာအုပ်တွင်ပါရှိသော ပုဂ္ဂိုလ်ရေးဘဝတို့၌ တွေ့နိုင်မည်ဖြစ်သည်။

ယင်းသို့ ပြုသောကြောင့် ထိုပုဂ္ဂိုလ်တို့ အောင်မြင်သည်ကိုလည်း တွေ့ရမည်။ ဆက်၍တွေးသော် ဘဝတွင် ထင်ရှားအောင်မြင်စေရန် အစွမ်းပြ၍ လုပ်ရဲကိုင်ရဲ ရှိရမည်ဟူသော ဥပဒေတစ်ရပ်ကို ထင်ရှားစွာ သဘောပေါက်နိုင်ပါသည်။

- မည်သည့်ကိစ္စများတွင် အစွမ်းပြမည်နည်း။

- မည်သည့်ကိစ္စများ၌ လုပ်ရဲကိုင်ရဲ ရှိရမည်နည်း။

မနေ့တစ်နေ့က ကမ္ဘာကျော် 'စာပဒေသာ' ခေါ် (ရီးဒါးစ်ဒိုင်ဂျက်) မဂ္ဂဇင်းဆောင်းပါး တစ်ခု၌ 'သူများနှင့် မတူလိုလျှင်' ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။ ထိုဆောင်းပါး၌ သူများနှင့်မတူ တစ်ဘာသာထူးချွန်လိုသော လူငယ်များသည် ဆံပင်ပုံစံကို ကွက်ကြားညှပ်ခြင်း၊ ဆေးရောင်ဆိုးခြင်း၊ အဝတ်အစား ကြောင်ကျားကျားကို ဖိုးရိုးဖားရား ဝတ်ဆင်ခြင်း၊ ရေဒီယိုနားကြပ်တို့ကို တပ်ဆင်ကိုင်စွဲ၍ လမ်းသလားခြင်း၊ စွပ်ကျယ်အင်္ကျီပေါ်တွင် စာလုံးအမျိုးမျိုး၊ အရုပ်အမျိုးမျိုးကို ပုံနှိပ်၍ ဝတ်ဆင်ခြင်းတို့ကို ဝေဖန်ထားသည်။ အများနှင့် မတူလို၍ ထိုသို့ပြုခြင်းဖြင့် အကျိုးမထူးကြောင်းကို ထူးခြား ထင်ရှားသူတို့၏ သာဓကများဖြင့် ဖော်ပြထားသည်။

သူများထက် ကြိုးစား၍ သူများထက် ကောင်းအောင်လုပ်ပြီး လူအများ၏ လိုအင်ပြည့်ဝရေး၌ အထောက်အကူဖြစ်စေသော လုပ်ငန်းများကို လုပ်နိုင်ဖို့အားပေးထားသည်။ အပြင်ပန်း ရုပ်သွင်တွင် လူတစ်ဦးချင်းကွဲပြားနိုင်သော်လည်း တကယ်ထူးခြားသည်ဟု မဆိုနိုင်။ တီထွင်သူ၊ ကြံဆလုပ်ကိုင်သူ၊ ဘာသာတစ်ရပ်ရပ်တွင် နိုင်နင်းသူ၊ တစ်စုံတစ်ခုသော အမှုကိစ္စကို အောင်မြင်ချောမောအောင် ပြုလုပ်နိုင်သူတို့သာလျှင် လောက၌ ထူးခြား၊ ခြားနားသော သူများဖြစ်ကြောင်း တွေ့နိုင်သည်ဟု

ဆိုထားသည်။

ထူးခြားထင်ရှား၍ အစွမ်းသတ္တိပြနိုင်သော နိုင်ငံတကာ စံနမူနာများကို ဖတ်ဖူးကြပါလိမ့်မည်။

မော်တော်ကားပေါ်လာပြီးနောက် အခန့်သားထိုင်၍ မစီးရခင် ကားရှေ့ကိုဆင်း၍ ကောက်တံဖြင့် လှည့်၍ စက်နှိုးရသော ဒုက္ခကို ကင်းဝေးစေရန် လျှပ်စစ်နှိုးစက် Starter (စတပ်တာ) ကို တစ်ဦးက တီထွင်ခဲ့သည်။ ထိုသူမှာ ချားလ်ကတ်တာရင်း Charles Kettering ဆိုသူဖြစ်သည်။

ကုန်ပစ္စည်းအကြီးစား (မော်တော်ကားကဲ့သို့) စက်ကိရိယာများ ထုတ်လုပ်ရာတွင် ပစ္စည်းအစိတ်အပိုင်း အမျိုးမျိုးကို ပင်မတစ်နေရာသို့ အဘက်ဘက်မှ ရွေ့လျားရောက်ရှိလာစေပြီး ယန္တရား တစ်ခုလုံးဖြစ်သော ပတ်ကြိုးမောင်းစက်ပေါ်တွင် အချိန်ကိုက် ရွေ့လျားပြီး တပ်ဆင်နိုင်သော 'အဆင်ဗလီလိုင်းစနစ်' (Assembly Line) ကို ကားသူဌေးကြီး ဟင်နရီဖို့ဒ် (Henry Ford) က တီထွင်ခဲ့၏။ ထို့ကြောင့် ပစ္စည်းတပ်ဆင်ရာတွင် အလုပ်မရှုပ်ဘဲ မော်တော်ကားများ ရှေ့ဆင့်နောက်ဆင့် တစ်စီးပြီးတစ်စီး ဆက်တိုက်ထွက်လာနိုင်သည်။ ယခုအခါ ခေတ်မီကုန်ထုတ်လုပ်ငန်းတို့တွင် သူ့နည်းကို သုံးစွဲနေကြရသည်။

ကလောင်တံကိုကိုင်၍ မင်တို့ပြီးရေးရသောအလုပ်မှာ မင်ကုန်သွားတိုင်း မင်အိုးထဲသို့လှမ်းပြီး ကလောင်သွားနှစ်ရသဖြင့် အလုပ်ပိုကို ကင်းရှင်းစေရန် ကလောင်တံကိုယ်ထည်ကို အခေါင်းပေါက်လုပ်၍ မင်မပြတ်အောင် ထည့်သုံးနိုင်သောနည်းဖြင့် တစ်ဦးကဖောင်တိန်ပြုလုပ်ရန် စိတ်ကူးရခဲ့သည်။ ထိုသူမှာ လူးဝစ်ဝါတာမင်း (Lewis Waterman) ဆိုသူဖြစ်သည်။

မီးရထားများပေါ်လာသဖြင့် ရထားလမ်းပေါ်တွင် လှည်းငါးရာစာမျှ နီးပါးကုန်တင်၍ မောင်းနှင်နိုင်သော ယာဉ်မျိုးရရှိပါလျက် ဘူတာရောက်လျှင် အရှိန်မသတ်နိုင်သော အခက်အခဲကို ပြေလည်စေရန် တစ်ဦးက အရှိန်သတ်ကိရိယာတစ်မျိုးကို ရထားတွဲတိုင်းရှိ ဘီးများတွင် တပ်ဆင်ပေးလိုက်သည်။ ထိုအရှိန်သတ်ကိရိယာ၏ ကျေးဇူးဖြင့် အပျက်အစီး အသေအပျောက် သိသာစွာ နည်းသွားခဲ့ရသည်။ ထိုပစ္စည်းကို 'ဘရိတ်' (Brake) ဟု ခေါ်သည်။ တီထွင်ကြံစည်ပေးခဲ့သူမှာ ဂျော့ဝက်စတင်း ဟောက်စ် (George Westinghouse) ဆိုသူ ဖြစ်လေသည်။

မြို့ပြကြီးများ တည်ထောင်လျက် နေအိမ်အလုပ်ဌာနကြီးများအဖြစ် အသုံးပြုရန် တိုက်အိမ်ကြီးများကို အထပ်ပေါင်းများစွာ ဆောက်ကြသောအခါ လှေကားထစ်တိုင်းကို ခြေလှမ်းတက်ရန် မလိုတော့ဘဲ တိုက်အထပ်ပေါင်းများစွာဆင့်၍ ဆောက်လုပ်နိုင်ဖို့ အဆင်ပြေစေရန် ဖန်တီးကူညီခဲ့သူမှာ ဓာတ်လှေကား (Elevator) တီထွင်ခဲ့သူဖြစ်၏။ သူ့အမည်မှာ အိုးတစ် (Otis) ဟူ၍ခေါ်သည်။ မြို့ပြအခင်းအကျင်း၌ မိုးထိုးအဆောက်အအုံများဖြင့် ကောင်းကင်နောက်ခံကို တင့်တယ်စေသောရှုခင်းမှာ အဆိုပါ အိုးတစ်ဆိုသူ၏ ကျေးဇူးကြောင့် ဖြစ်သည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် သူ့ခေတ်နှင့်သူ လူရည်လူသွေး ပြနိုင်ခဲ့ကြသူများ ဖြစ်၏။ မနေ့တစ်နေ့ကဆိုလျှင် အင်္ဂလန်နိုင်ငံ၌ ဝီလီဂျွန်ဆင် (Willie Johnson) ဆိုသော ပုဂ္ဂိုလ်မှာ လန်ဒန်မြို့၌ နောက်ဆုံးပေါ် တီထွင်ပစ္စည်းများကို ကြိုးစားထုတ်လုပ်ရင်း အောင်မြင်ထင်ရှားလျက်ရှိသည်။

ဝီလီဂျွန်ဆင်၏ တီထွင်မှုများ၌ စီးထားသော ဖိနပ်တွင် ကွန်ပျူတာတပ်ပေးထားသောကြောင့် ခရီးဘယ်မျှ ပေါက်ခဲ့သည်၊ တစ်နာရီကို

ဘယ်နှမိုင်နှုန်း သွားခဲ့သည်၊ လမ်းလျှောက်သမား၊ အပြေးသမား တို့အတွက် ခရီးတစ်ထောက်တွင် ကယ်လိုရီဓာတ် မည်မျှကုန်သွားသည် စသည်တို့ကို မှတ်သား စစ်ဆေးနိုင်သော ဖိနပ်အမျိုးမျိုး ပေါ်လာသည်။ သူ့ဖိနပ်များကို 'မိုက်ခရိုပေစာ' (Micropacer) ဟု ခေါ်သည်။

ဝီလီဂျွန်ဆင်သည် အသက် ၅၃ နှစ် အရွယ်၌ တီထွင်သော ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်ကို မူပိုင်ခွင့်မှတ်ပုံတင်နိုင်ခဲ့သည်။ နိုင်ငံတကာပြပွဲများ၌ ဆုရသော လူသုံးအဆင်ပြေမှုပစ္စည်းများအနက် ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်ခံရလျှင် မြည်သောကိရိယာ၊ လူတစ်ဦးတည်း ရေချ၍ မောင်းနှင်နိုင်သော တစ်နာရီမိုင် ၄၀ နှုန်း ခရီးသွားသည့် ခရီးဆောင်ခေါက်နိုင်၊ ဖြန့်နိုင်သော ရေရုပ်မော်တော်ယာဉ်အပြင် ခေါက်ကိရိယာကလေး တစ်ခုတည်းကို အလွယ်တကူ သယ်ဆောင်၍ ခုတင်အဖြစ်၊ ထိုင်ခုံအဖြစ်သုံးစွဲနိုင်သော ကိရိယာတို့လည်း ပါသည်။ ရုပ်မြင်သံကြားစက်မှ အစီအစဉ်ကို မကြိုက်လျှင် ပျော့ပျောင်းသော အရုပ်ကလေးတစ်ခုဖြင့် မှန်ပြင်ကို လှမ်းပေါက်လိုက်ပါက ထိုအစီအစဉ်ရပ်သွားနိုင်သော အရုပ်မျိုးလည်း ပါသည်။ သူသည်လက်ကောက်ကဲ့သို့ အလှအပတပ်ဆင်နိုင်ပြီး အရောင်အသွေးအမျိုးမျိုးရှိသော နာရီအိမ်ကလေးများ ပြောင်းလဲထည့်ပြီး တစ်ကြိမ်လျှင် တစ်မျိုး တပ်ဆင်နိုင်သည့် လက်ကောက်နာရီကလေးမျိုးကိုလည်း တီထွင်ထားသည်။ အဖိုးနည်းဝန်ပါဖြစ်၏။

ဤသည်မှာ တီထွင်မှုနယ်ပယ် ဖြစ်သည်။

လူတို့ ကျင်လည်နိုင်သော ဝါသနာပါရာ၊ အဆင်ပြေရာပညာရေး၊ လူမှုရေး၊ စီးပွားရေး စသော အခြားနယ်ပယ်များလည်း အများအပြားရှိပါသေးသည်။

အားကစား လုပ်ငန်းကဲ့သို့ အစွမ်းအစထုတ်ပြီး ယှဉ်ပြိုင်အနိုင်လုကြသည့် ကိစ္စများ၌ လူစွမ်းလူစပြနိုင်သည်။ တာဝေးပြေး လေ့ကျင့်သူတို့တွင်တစ်ပတ်လျှင် မိုင် ၁၂၀ ခရီးပေါက်အောင် ပြေးနေကြသည်။ ရေကူးလေ့ကျင့်သူတို့သည် တစ်နေ့တည်းတွင် ရေကန်ထဲ၌ ကိုက်နှစ်သောင်းခရီးပေါက်အောင် ခေါက်တုံ့ခေါက်ပြန် ကူးခတ်နေကြသည်။ စက်ဘီးသမားတို့က သက်လုံကောင်းစေရန် မိုင် ၁၀၀ ခရီးရှည်ကို ထွက်ကြသည်။ ဤနည်းဖြင့် ပြေးကွင်း၊ ပြိုင်ကွင်းများ၌ ယခင်က တင်နိုင်လိမ့်မည်ဟု မထင်သော စံချိန်များကို ပွတ်ကာသီကာ ရွေ့တိုး၍ တင်နေကြသည်။

လူ့ယဉ်ကျေးမှု ထွန်းကားစည်ပင်ခဲ့သော လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ မျှအတိုင်း တစ်ဦးချင်းအားထုတ်မှု၊ ဆင့်ကဲ အားထုတ်မှုတို့ဖြင့် နည်းမျိုးစုံအားထုတ်ခဲ့ကြရာ၌ သာမန်စက်ယန္တရား၊ ကွန်ပျူတာ အီလက်ထရွန်းနစ် လျှပ်စစ်ယန္တရားတို့ခေတ်အထိ ရောက်ခဲ့လေပြီ။ လူတို့သက်သောင့် သက်သာရှိနိုင်သောနည်းများ၊ ဘဝအဆင့်အတန်း ပွင့်လန်းနိုင်သော နည်းလမ်းများလည်း အများအပြားရှိခဲ့ပြီ။ သို့သော် လူစွမ်းလူစ ထုတ်စရာ နည်းလမ်း၊ နယ်ပယ်တို့ မကုန်နိုင်သေးပေ။

လူတိုင်းတွင် စွန့်စားဆောင်ရွက်လိုသောစိတ်၊ ကြိုးစားလုပ်ကိုင်လိုသောစိတ်နှင့် အစွမ်းအစပြလိုသောစိတ်တို့ရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူလိုကိုယ်လို လူတွေထဲမှပင် လေ့ကျင့်ရင်း၊ အဆင်းရဲခံရင်း၊ ချွေတာရင်း၊ လေ့လာရင်း၊ ကြံစည်ရင်း လူစွမ်းလူစ မှတ်တိုင်တွေ ထူနိုင်သော သာဓကများ ရှိခဲ့သောကြောင့် ဖြစ်သည်။

သတ္တိ၊ ဗျတ္တိပြရာတွင် လူချင်းယှဉ်ပြိုင်ရသော ကိစ္စများရှိသလို သဘာဝနှင့် ယှဉ်ပြိုင်ရသော ကိစ္စများရှိသည်။ ပတ်ဝန်းကျင်နှင့်

ယှဉ်ပြိုင်ရသော ကိစ္စများရှိသည်။ မိမိခန္ဓာကိုယ်ကို ဓားလုပ်သော ပန်းပဲသမားများ 'သံခဲတင်' ၍ ဓားခိုင်အောင်လုပ်သကဲ့သို့ လုပ်ရသည်များလည်း ရှိသည်။

ပြင်သစ် တောင်တက်သမားတစ်ဦးအား ဘာ့ကြောင့်တောင်ထွတ်ရောက်အောင် တက်ချင်ပါသလဲဟု မေးဖူးရာ 'တောင်တွေ ရှိနေလို့ပေါ့' ဟူ၍ ဖြေခဲ့သည့်နည်းတူ အန်တုစရာ၊ ယှဉ်ပြိုင်စရာ၊ အောင်နိုင်စရာတို့ကို တွေးတတ်သည်မှာ လူ့စိတ်အခြေခံ သဘာဝဖြစ်သည်။

ဤနည်းဖြင့် ဧဝရက်တောင်ထိပ်သို့ အကြိမ်ကြိမ်နှင့် နှင်းတော၊ မုန်တိုင်းတော၊ အအေးဒဏ်တို့ကိုခံ၍ တက်ခဲ့ကြသည်။ အချို့မှာ အသက်ရှူရန် အောက်စီဂျင်ဘူးမပါဘဲ တောင်ထွတ်အထိ တက်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံ၊ ကိုလိုရာဒို မြစ်ဖြတ်တံတားကြီး၏ ပေ ၁၀၅၃ အမြင့်မှ အောက်ရေထဲသို့ အသားလွတ် ခုန်ချသူရှိသည်။ ၁၉၂၇ ခုနှစ်တွင် ပန်ကာတစ်လုံးတပ် လေယာဉ်ငယ် ကလေးဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို ထိုစဉ်က မကြုံစဖူး အောင်မြင်စွာ ဖြတ်၍ ပျံသန်းသည်။ နယူးယောက် မင်ဟက်တန်ကျွန်း နှစ်ပတ် ၂၈ မိုင် ခရီးကို အမျိုးသမီး (ရုပ်ရှင်မင်းသမီး) တစ်ဦးက လက်ပစ်ကူးပြသည်။ အသက်ငါးဆယ်ကျော် အမျိုးသား၊ အမျိုးသမီးတို့ ၂၇ မိုင်ကျော် မာရသွန် ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နေကြသည်ကို တွေ့နေရပြီ။ အာကာသထဲမှာ နှစ်ကာလချီ၍ သိပ္ပံစက်မှုအကူဖြင့် တက်ရောက် ပျံသန်းနေကြပြီ။ အမေရိကန်မှ ဩစတြေးလျသို့ မိုင်တစ်ထောင်ခန့်ခရီးကို တစ်ကိုယ်တည်း လှေလှော်ရွက်တပ်ပြီး သွားခဲ့သူလည်း ရှိသည်။

လူသားဆိုသည်မှာ အံ့ဖွယ်ပါတကားဟု ဥဒါန်းကျူးရမည်ကဲ့သို့ ဖြစ်ရပ်များပင်။

သို့သော် လူ့အစွမ်းသတ္တိထင်ရှားအောင် ပြုလုပ်ကြရာ၌ စည်းကမ်းထားခြင်း၊ စာနာခြင်း၊ အဆင်းရဲခံခြင်း၊ လေ့ကျင့်ခြင်း၊ အများကောင်းကျိုးကို ရှေးရှုခြင်းဟူသော ရည်ရွယ်ချက်နှင့် ကျင့်ထုံးများ ပါရှိပါက မိမိလည်းအကျိုးရှိ၊ လောကကြီးလည်း စည်ပင်စရာအကြောင်းဖြစ်နိုင်ပါသည်။

သတ္တိအစွမ်းအားထုတ်မှုကို ထင်ရှားသောတစ်ကိုယ်တော်ဘဝများ၌ အားကျစရာ၊ တုပရန်၊ လိုက်နာရန် အချက်များကို များများရှာ၍ များများဖတ်ခြင်းဖြင့် ကိုယ်ပိုင်ဘဝကို သာယာဖွံ့ဖြိုးအောင် လုပ်ကြပါစို့။

မောင်ဆုရှင်

၉-၉-၉၂

*

## စာရေးသူ၏ အမှာစာ

ကျွန်တော်သည် လူငယ် လူရွယ်များအား အသိဉာဏ် တိုးပွားရေး၊ စာရိတ္တ မြင့်မားရေး၊ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ စိတ်ထား မြင့်မြတ်ခိုင်မာရေး၊ ကူညီရိုင်းပင်းလိုစိတ်၊ ကိုယ်ကျိုးစွန့် လိုစိတ်၊ လူအများကို စာနာထောက်ထားသောစိတ်များ တိုးပွားများပြားလာပြီး လူတော်လူကောင်းလေးများ ဖြစ်လာစေရေးအတွက်အတုယူဖွယ်၊ မှတ်သားဖွယ်ရာများကို 'တကယ့်သတ္တိ' အမည်ဖြင့် ထုတ်ဝေလိုက်ပါပြီ။

ယခုစာအုပ်တွင် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲတွင် မြန်မာ့ဇာတိသွေး ဇာတိမာန်ကိုပြလျက် ရင်မြေကတုတ်ပြုလုပ်ကာ သေသည်အ ထိ တိုက်ပွဲဝင်သွားခဲ့သူ၊ ဟော်လန်နိုင်ငံအား ရေနစ်မြုပ်မှုဘေးမှ ကယ်တင်ခဲ့သူ၊ သူတစ်ပါးအသက်ကို မိမိအသက်ဖြင့်လဲခဲ့သူ၊ မိမိ၏ ဥစ္စာစည်းစိမ်ချမ်းသာမှုကို စွန့်၍ လူနာများကို ပြုစုစောင့်ရှောက်သူ၊ လှိုင်းလေခက်ထန်ကြမ်းတမ်းနေသည့် ပင်လယ်ပြင်တွင် သင်္ဘောနစ်မြုပ်၍ ဒုက္ခရောက်နေသူများအား အသက်စွန့်၍ ကယ်တင်သူ၊ ကျွန်စနစ် ပပျောက်၍ ကျွန်များအား လူတန်းစေ့ အခွင့်အရေးများ ရရှိရန် ကြိုးပမ်းဆောင်ရွက်သူ၊ သူငယ်ချင်းကိုမိတ်ဆွေကောင်းပီသစွာ အခက်အခဲကြားမှ စွန့်စားရှာဖွေကာ ကယ်တင်သူ၊ အောင်မြင်သော လူငယ်များကို ပြုစုပျိုးထောင်ပေးသူ၊ မိမိကိုယ်ကျိုးစွန့်၍ လူနာများအား ကုသပေးသူ၊ ကိုယ်ထူးကိုယ်ချွန်ကာ လူ့လောကကောင်းကျိုးကို ဆောင်ကြဉ်းပေးသူစသည်ဖြင့် မိမိကိုယ်ကျိုးကိုစွန့်၍ အနစ်နာခံကာ

အများအကျိုးအတွက် ဆောင်ရွက်ပေးသူများ၏ အတုယူဖွယ်၊ လေးစားဂုဏ်ယူဖွယ် အံ့မခန်းစွန့်စားမှုများကို တင်ပြထားပါသည်။ 'တကယ့်သတ္တိဟူသည်မှာ အဘယ်နည်း' ဆိုသည်ကို ဤစာအုပ်က ထင်လင်းစွာ အဖြေပေးထားပါသည်။

မောင်ခေတ်ထွန်း

၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်

*




နှလုံးလှသူ လူငယ်နှစ်ဦး

ထိုလူငယ်နှစ်ဦးသည် အသက်ငယ်ပင်ငယ်ငြားသော်လည်း သတ္တိရှိ၏။ ကြိုးစား၏။ အလုပ်လည်းမျိုးစုံလုပ်၏။ ပင်ပန်းကြီးစွာ အလုပ်လုပ်၍ရရှိသည့် အခကြေးငွေကို သူတို့ကိုယ်ကျိုးအတွက်မသုံး။ အဆိုပါ လူငယ်နှစ်ယောက်ကား -

ကျွန်တော်တို့ ဆွစ်ဇာလန်နိုင်ငံမှ ထွက်ခွာလာ၍ အီတလီနိုင်ငံ၏ လှပသည့် မြို့တော်ဟောင်းတစ်ခုဖြစ်သော ဗီယင်နာမြို့ကို ဦးတည် မောင်းနှင်လာခဲ့သည်။ မြို့အဝင်တွင် ကျွန်တော်တို့အား ချာတိတ် ကလေးနှစ်ယောက်ကဆီး၍ စတော်ဘယ်ရီသီးများ ရောင်းသည်။ စတော်ဘယ်ရီသီးများမှာ စားချင်စရာ အရွက်စိမ်းစိမ်းနှင့် လတ်လတ် ဆတ်ဆတ်။ နှစ်ယောက်စလုံး၏ ဆွဲခြင်းထဲတွင်အပြည့်။

'အဲဒါတွေကို မဝယ်နဲ့၊ ဗီယင်နာမြို့ထဲမှာ ဒါထက်ကောင်းတာတွေ အများကြီးပဲ' ဟု ကျွန်တော့်ကို ကားဒရိုင်ဘာကတားသည်။

ကားဒရိုင်ဘာ၏ မျက်နှာကိုကြည့်ရသည်မှာ ချာတိတ်ကလေးနှစ် ယောက်ကို မနှစ်မြို့သည့်ပုံပေါ်နေသည်။ မှန်ပေသည်။ လူငယ်လေး နှစ် ယောက်၏ အဝတ်အစားများမှာ စုတ်ချာလှသည်။ သေသပ်ကျနမှုမရှိ ချေ။ ဆံပင်များမှာဖရိုဖရဲ။ သို့သော် သူတို့၏ မျက်လုံးသည် လေးနက်သ ည့် အသွင်ကို ဆောင်နေသည်။ ကျွန်တော်တို့သည် ထိုကောင်လေးနှစ် ယောက် အကြောင်းကို ပို၍ သိချင်လာသည်။

ကျွန်တော်တို့၏ မေးမြန်းချက်အရ သူတို့သည် ညီအစ်ကိုတော် ကြောင်းသိရသည်။ အကြီးကောင် နီကိုလာ၏အသက်မှာ ၁၃ နှစ် ဖြစ်၏။ အငယ်ကောင်ဂျာကိုပို၏ အသက်မှာ ၁၂ နှစ် ဖြစ်သည်ဟု ဆိုသည်။ ကျွန်တော်တို့သည် သူတို့ထံမှ အကြီးဆုံးစတော်ဘယ်ရီခြင်း ကြီးကို ဝယ်ယူလိုက်သည်။ ထို့နောက် ဗီယင်နာမြို့သို့ ခရီးဆက်ခဲ့သည်။

နောက်တစ်နေ့ မနက်ခင်းအချိန်တွင်ဖြစ်၏။ ကျွန်တော်တို့သည် ဟိုတယ်မှ ထွက်ခွာလာခဲ့ကြသည်။ အပန်းဖြေရင်ပြင်ရှိ ရေပန်း အဆောက်အအုံနားသို့ ရောက်ရှိလာကြသည်။ ထိုအခါ ကျွန်တော် တို့သည်လမ်း၌တွေ့ခဲ့သည့် ကောင်လေးနှစ်ယောက်ကို ရေပန်းနားတွင် ထပ်မံတွေ့ပြန်သည်။ သူတို့သည် အလုပ်များလျက်ရှိ၏။ လူတစ် ယောက်၏ ရှူးဖိနပ်ကို တိုက်ပေးနေသည်။ ကျွန်တော်တို့ကို မြင်သွား သောအခါ အလုပ်မအားသည့်ကြားမှပင် နှုတ်ဆက်ကြ၏။

ကျွန်တော်က -

'မင်းတို့ စတော်ဘယ်ရီရောင်းတဲ့ ကောင်လေးတွေ မဟုတ်လား' ဟု မေးလိုက်သည်။

ထိုအခါ နီကိုလာဆိုသည့် လူငယ်လေးက -

'ကျွန်တော်တို့ စတော်ဘယ်ရီရောင်းတာတင်မကဘူး၊ အလုပ် အကုန်လုပ်ပါတယ်၊ တစ်ခါတလေ လမ်းပြလည်း လုပ်ပါတယ်၊ ဒီမြို့ကို ရောက်လာတဲ့သူတွေကို စိတ်ဝင်စားစရာကောင်းတဲ့ နေရာကို ပို့ဆောင် ပေးပါတယ်'ဟု လေးနက်စွာပြောဆိုနေလေသည်။ ကျွန်တော်တို့ကို မျှော်လင့်ထားပုံရသည်။

ကျွန်တော်က သူတို့ကို ပြုံးပြလိုက်သည်။

'ကောင်းပြီ၊ ဒါဖြင့် မင်းတို့ ငါတို့ကို လမ်းပြပေတော့၊ လာဟေ့ သွား ကြစို့'

သူတို့သည် ကျွန်တော်တို့ကိုခေါ်ဆောင်သွားသည်။ ကျွန်တော် တို့သည် ထိုလူငယ်လေးနှစ်ယောက်ကို ဆက်၍ လေ့လာနေမိသည်။ သူ တို့သည် ချာတိတ်ကလေးများ ဖြစ်ကြသည်မှာ မှန်သော်လည်း လူငယ်

လေးများနှင့်မတူ။ သူတို့၏မျက်နှာသည် လေးနက်သည့်အသွင်ကို ဆောင်နေသည်။ ရည်ရွယ်ချက် ကြီးကြီးမားမား ရှိပုံရ၏။

ကျွန်တော်တို့သည် နီကိုလာနှင့် ဂျာကိုပိုလူငယ်လေးနှစ်ယောက်ကို တစ်နေ့တာအတွင်း အကြိမ်များစွာတွေ့ဆုံခဲ့ရ၏။ သူတို့သည် ကျွန်တော်တို့လိုချင်သည့် စီးကရက်၊ ပြဇာတ်ရုံ၊ လက်မှတ်စသည်တို့ကို ဝယ်ပေးကြသည်။ အကောင်းစား ဟိုတယ်များကို လိုက်လံပြသပေးကြသည်။ ဂျာကိုပိုနှင့် နီကိုလာ ညီအစ်ကိုနှစ်ယောက်သည် ကျွန်တော်တို့အား အစစအရာရာကူညီကြသည်။ သူတို့သည် တစ်နေ့လုံး ပူပြင်းလှသည့် နွေနေအောက်၌ ပင်ပင်ပန်းပန်း အလုပ်လုပ်ရရှာသည်။ ဖိနပ်တိုက်သည့် အလုပ်၊ သစ်သီးရောင်းသည့်အလုပ် စသည်ဖြင့် အလုပ်များ စုံလင်လှသည်။ သူတို့သည် သူတို့ ကိုယ်သူတို့ အစဉ်အမြဲ ယုံကြည်နေသည်။ မည်သည့်အလုပ်ကိုမဆို လုပ်နိုင်စွမ်း အမြဲရှိသည်။ သူတို့ကိုကြည့်လျှင် အစဉ်အမြဲ အလုပ်များလျက် ရှိသည်ကိုသာ တွေ့ရသည်။

တစ်ညတွင် ကျွန်တော်တို့သည်အပြင်သို့ လမ်းလျှောက်ထွက်ခဲ့သည်။ လေတိုက်ခတ်နေသည့် ရေပြင်တွင် သူတို့နှစ်ယောက်ကို တွေ့ရသည်။ နီကိုလာသည် ရေပန်းဘေးမြေကြီးပေါ်တွင် ထိုင်နေသည်။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ နွမ်းနယ်နေသည်။ ဂျာကိုပိုမှာ သူ့အစ်ကို၏ ပခုံးပေါ် ခေါင်းတင်၍ အိပ်ပျော်လျက်ရှိသည်။ သန်းခေါင်ယံအချိန်သို့ပင် ရောက်ခဲ့လေပြီ။

'မင်းတို့ ဘာလို့အိမ်ပြန်မအိပ်တာလဲ' ဟု ကျွန်တော် မေးလိုက်သည်။

နီကိုလာက ကျွန်တော့်ကိုမော့၍ -

'ကျွန်တော်တို့ နောက်ဆုံး ဘတ်စ်ကားကို စောင့်နေတာပါ၊ အဲဒီကားလာရင် သတင်းစာတွေ ရောင်းရဦးမယ်' ဟု ဖြေသည်။

'မင်းတို့နှစ်ယောက်က အမြဲပင်ပင်ပန်းပန်း အလုပ်တွေ လုပ်နေတော့မှာလား၊ မင်းတို့နှစ်ယောက် အမြဲတမ်း ဖားနေတော့တာပဲ' ဟု ကျွန်တော်က ဆိုသည်။

'ကျွန်တော်တို့ကတော့ ဒီအတွက် ညည်းညူလေ့ မရှိပါဘူး ဆရာ'

သူ့အသံသည် ပကတိတည်ငြိမ်စွာ။ ကျွန်တော်တို့သည် သူ့ကိုဆက်၍ မေးခွန်းထုတ်ရန် မကြိုးစားတော့။ သူတို့နှစ်ယောက်ကို နှုတ်ဆက်၍ ဟိုတယ်သို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့နံနက်တွင်ဖြစ်၏။ နီကိုလာသည် ကျွန်တော့် ရှူးဖိနပ်ကို ပွတ်တိုက်ပေးလျက်ရှိ၏။ ကျွန်တော်က သူ့ကို -

'မင်းနဲ့ ဂျာကိုပိုကတော့ကွာ တယ်အလုပ်လုပ်တဲ့ ကောင်တွေပဲ၊ ငါသိသမျှတော့ မင်းတို့အဝတ်အစား ဝယ်ဝတ်တာလည်းမတွေ့ဘူး၊ အစားအစားတော့ နည်းနည်းလေး၊ ရတဲ့ပိုက်ဆံတွေ ဘယ်ရောက်ကုန်လဲ ငါသိချင်တယ်' ဟု မေးလိုက်သည်။

ချာတိတ်ကလေးက မဖြေသေး။ ခဏတိတ်ဆိတ်သွားသည်။ လူတွေ ရှုပ်ယှက်ခတ်နေသည့် ရင်ပြင်နှင့်ရေပန်းကို ငေးကြည့်နေသည်။ ထို့နောက်မှ စကားသံထွက်ပေါ်လာသည်။

'ကျွန်တော်တို့မှာ အကြံအစည်တွေ ရှိပါတယ်'

ကျွန်တော်က -

'ကောင်းပြီ ...၊ ငါတို့လည်း တနင်္လာနေ့ဆိုရင် ဒီမြို့က ပြန်တော့မယ်၊ မပြန်ခင် ငါကူညီနိုင်တာဆို ကူညီပေးမယ်လေ' ဟု ပြောသည်။

နီကိုလာက -

'ကျေးဇူးပါပဲ၊ အကူအညီ မလိုပါဘူး' ဟု ဆိုသည်။

သူ့အစ်ကိုက ဆက်လက်၍-

'ကျွန်တော်တို့ တနင်္ဂနွေနေ့တိုင်း ဗီယင်နာနဲ့ သိပ်မဝေးလှတဲ့ ရွာကလေးတစ်ရွာကို သွားရပါတယ်၊ ခါတိုင်းဆို ကျွန်တော်တို့ ဘတ်စ်ကားစီးသွားပါတယ်၊ မနက်ဖြန်တော့ ဆရာ့အနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ကို ကားနဲ့ ခေါ်သွားပေးပါလား' ဟု တောင်းဆိုသည်။

ကျွန်တော့် ဒရိုင်ဘာသည် တနင်္ဂနွေနေ့တွင် အလုပ်မဆင်း။ သို့သော် ကျွန်တော်က -

'ကောင်းပြီးလေ ... ငါကိုယ်တိုင် မောင်းပြီး ပို့ပေးပါ့မယ်' ဟု ပြောလိုက်သည်။

ကျွန်တော်တို့သည် ဗီယင်နာမြို့မှ ထွက်ခွာလာခဲ့သည်။ မကြာမီချာတိတ်ကလေးများ၏ရွာသို့ ရောက်ရှိလာခဲ့သည်။ ကျွန်တော်တို့သည် စုတ်ချာပြီး မသပ်မရပ်ရှိလှသည့် အိမ်ကလေးတစ်အိမ်ရှေ့တွင် ကားကို ရပ်မည်ပြု၏။ ထိုအခါ ဂျာကိုပိုက ချက်ချင်းပင် -

'ဒီမှာ ရပ်ပါ ဆရာ' ဟု လက်ညှိုးညွှန်ပြ၏။ ကျွန်တော် အံ့သြသွား၏။ သူရပ်ခိုင်းသည့် နေရာမှာ အလွန်လှပသည့် အိမ်ကြီးတစ်အိမ်ရှေ့တွင် ဖြစ်၏။ နံရံကြီးသည် မြင့်မားလှ၏။ ကျောက်တုံးများကို စီထားခြင်းဖြစ်၏။ အမိုးမှာ အနီရောင်။

'ကျွန်တော်တို့ သိပ်မကြာပါဘူး ဆရာ၊ တစ်နာရီထက် ပိုမကြာပါဘူး' ဟုဆိုကာ ချာတိတ်ကလေး နှစ်ယောက်သည် နံရံအကွေ့ထဲသို့ ဝင်သွားလေသည်။

ကျွန်တော်သည် မိနစ်အတော်ကြာကြာ စောင့်နေသေးသည်။

ထို့နောက် ကျွန်တော်သည် သူတို့နောက်သို့ လိုက်သွားသည်။ နံရံအချိုး တွင် တံခါးတစ်ခုကို တွေ့ရသည်။ ကျွန်တော်က တံခါးကို ခေါက်လိုက် သည်။

အမျိုးသမီးတစ်ယောက်ရောက်လာသည်။ သူနာပြုဆရာမ တစ်ဦး ဖြစ်နေသည်ကို တွေ့ရသည်။

'ချာတိတ်ကလေးနှစ်ယောက် ဒီမှာ ရှိမလားလို့ လာခေါ်တာပါ'

သူနာပြုဆရာမက ပြုံး၍ -

'ဩ ... နီကိုလာနဲ့ ဂျာကိုပိုကို ပြောတာလား၊ အထဲကို ခဏဝင်ခဲ့ပါ' ဟု ပြောဆိုသည်။ သူနာပြုဆရာမသည် ကျွန်တော့်ကို ခေါ်ဆောင်သွား သည်။ အအေးခန်းများကို ဖြတ်လာရသည်။ နောက်ဆုံး ဆေးရုံတစ်ရုံ၏ အခန်းများဟု သိလိုက်ရသည်။ သူနာပြုဆရာမသည် တံခါးပေါက် တစ် ခုရှေ့တွင် ရပ်လိုက်သည်။ ကျွန်တော်တို့သည် အခန်းထဲသို့ ကြည့်လိုက် သည်။

လူငယ်လေးနှစ်ယောက်သည် မိန်းကလေးတစ်ယောက်၏ ခုတင် ဘေးတွင် ထိုင်နေကြသည်။ မိန်းကလေး၏ အသက်မှာ နှစ်ဆယ် လောက်ရှိမည်ဟု ခန့်မှန်းရသည်။ အလွန်လှသည့် သိုးမွေးဆွယ်တာကို ဝတ်ဆင်ထားသည်။ လူငယ်လေးနှစ်ယောက်၏ စကားကို စိတ်ဝင်စား စွာ နားထောင်နေသည်။ လူငယ်နှစ်ယောက်သည် ထိုမိန်းကလေး၏ မောင်လေးများ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။ ခုတင်ဘေးရှိ စားပွဲခုံ ပေါ်တွင် ပန်းများ၊ သစ်သီးများ၊ စာအုပ်များကို မြင်တွေ့ရသည်။

ကျွန်တော်တို့သည် လှည့်ပြန်လာခဲ့ကြသည်။ သူနာပြုဆရာမက ကျွန်တော့်မိတ်ဆွေ လူငယ်လေး နှစ်ယောက် အကြောင်းကို စီကာပတ်ကုံး ပြောပြသည်။

'နီကိုလာနဲ့ ဂျာကိုပိုဆိုတဲ့ လူငယ်လေးနှစ်ယောက်ဟာ သူတို့အစ်မ လူဒီယာကလွဲရင် ဒီကမ္ဘာမှာ အထီးကျန်ဆန်လွန်းလှပါတယ်'

သူတို့အမေသည် သူတို့ ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့သည်။ အဖေသည် ထင်ရှားသည့် ပြဇာတ်အဆိုတော်တစ်ယောက် ဖြစ်၏။ စစ်မဖြစ်မီကတည်းက ကွယ်လွန်သွားခဲ့သည်။ စစ်ကြီးသည် ဗီယင်နာမြို့ပေါ်သို့ ရောက်ရှိလာသည်။ ဗီယင်နာမြို့ပေါ်သို့ ဗုံးမိုးများ ရွာသွန်းခဲ့၏။

ထိုအချိန်တွင် သူတို့မောင်နှမသည် ဗီယင်နာမြို့၏ လမ်းတစ်လမ်းတွင် ရှိနေသည်။ ရန်သူ ရောက်ရှိလာသည့်အခါ ထိုလူငယ်ကလေးနှစ်ယောက်သည် လျှို့ဝှက်စာကို တော်လှန်ရေးသမားများထံ သွားရောက်ပို့သည်။ သူတို့သည် လျှို့ဝှက်စာကို ရှူးဖိနပ်ထဲတွင်ထည့်၍ တောတောင်များကိုဖြတ်ကာ သယ်ဆောင်ခဲ့ရသည်။ ခရီးလမ်းပန်းခက်ထန်ကြမ်းတမ်းလှသည်။ သူတို့နှစ်ယောက် တောင်ပေါ်တွင် နေထိုင်ခဲ့ရသည်။ သူတို့သည် မြို့ထဲတွင် တစ်ယောက်တည်း ကျန်ခဲ့သည့် အစ်မအတွက်လည်း စိုးရိမ်ပူပန်ခဲ့ရသေးသည်။

စစ်ကြီးကား ပြီးဆုံးသွားလေပြီ။ လူငယ်နှစ်ယောက် ဗီယင်နာမြို့သို့ ပြန်လာကြသည်။ သူတို့ အစ်မကို အပူတပြင်း ရှာဖွေကြသည်။ သူတို့ အစ်မကို ဖျားနာလျက် တွေ့ရသည်။ သူတို့သည် သူတို့အစ်မကို ဆေးရုံတင်လိုက်ကြသည်။ ယခုအခါ မိန်းကလေး၏ ရောဂါအခြေအနေမှာ တိုးတက် ကောင်းမွန်လျက်ရှိ၏။ ကောင်းမွန်စွာ လမ်းလျှောက်နိုင်ပြီဖြစ်၏။ သူတို့အဖေကဲ့သို့ အဆိုတော်ဖြစ်၍ သီချင်းများကို သီဆိုနိုင်တော့မည် ဖြစ်၏။

'အခုအချိန်ဟာ အစစအရာရာ ရှားပါးနေပါတယ်၊ အစားအစာတို့၊ ဆေးဝါးတို့ဟာလည်း အလွန်စျေးကြီးလှပါတယ်၊ ဒါကြောင့် ကျွန်မတို့

ဆေးဝါးတွေကို လူနာတွေကို ကျွေးမွေးဖို့ လူတွေဆီမှာ အလှူခံနေရပါတယ်၊ ဒီလူငယ်နှစ်ယောက်ဟာ ကျွန်မတို့ဆေးရုံကို အပတ်စဉ်လာပြီး ထောက်ပံ့ ကူညီနေကြပါတယ်၊ သူတို့ ဘာအလုပ်လုပ်နေတယ်ဆိုတာ တော့ ကျွန်မမသိပါဘူး၊ ကောင်းတဲ့ အလုပ်ကို လုပ်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်' ဟု သူနာပြုဆရာမက ကျွန်တော့်ကို ပြောပြသည်။

ကျွန်တော်သည် သူနာပြုဆရာမကို နှုတ်ဆက်၍ အပြင်သို့ ထွက်ခဲ့သည်။ အပြင်ဘက် ကားနားမှနေ၍ လူငယ်နှစ်ယောက်ကို စောင့်နေသည်။ စောင့်ရင်း သူတို့နှစ်ယောက်အကြောင်းကို စဉ်းစားနေမိသည်။ မကြာမီ သူတို့နှစ်ယောက် ရောက်ရှိလာကြသည်။ ကျွန်တော်သည် သူတို့ကို တင်ဆောင်၍ မြို့ဘက် မောင်းလာခဲ့သည်။ သူတို့နှစ်ယောက်သည် ကျွန်တော့်ဘေးတွင် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ သို့သော် ဂုဏ်ယူဝမ်းမြောက်သည့် မျက်နှာကို အထင်းသား တွေ့မြင်နေရသည်။

A.J.Cronin ၏

Two Gentleman From Feona.

*